ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

၇၆ ရက်မြောက်နေ့ အစီအစဉ်

[ ၁၅-၇-၂၀၁၅ ] (ဗုဒ္ဓဟူးနေ့ )

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၆ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသာစိန်၊ ကျောက်တော် မဲဆန္ဒနယ်၏ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ဆက်စပ်တည်ရှိသော ကျောက်တော်မြို့ ပင်မကမ်းနားလမ်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုးချဲ့ပြုပြင်ရန် အစီအစဉ်ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကြည်ပြုံး၊ စဉ့်ကိုင် မဲဆန္ဒနယ်၏ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများ၏ လမ်းများအား လှည်းနှင့် မော်တော်ကား၊လှည်းနှင့် လူ၊ လှည်းနှင့်မော်တော်ဆိုင်ကယ် အန္တရာယ်ကင်းစွာ ရှောင်ရှားနိုင်ရေး အတွက် စနစ်တကျတိုင်းတာ သတ်မှတ်ရန်၊ လူနေအဆောက်အဦများ လမ်းများအလိုက်စနစ်တကျ အကွက်ချတည်ဆောက်ကြရန် အတွက် လိုအပ်သော ဥပဒေများ ထုတ်ပြန် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ၊ မရှိ နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအင်ဖုန်ဆန်း၊ မချမ်းသော မဲဆန္ဒနယ်၏ မလိခမြစ်ရိုးတစ်လျှောက် မုန်လန်ချောင်းဆုံမှ မြစ်ဖျားပိုင်း ထုံဒမ်းရွာအထိ တင်ဒါကို ဖျက်သိမ်း၍ အခွန်လွတ် ဘုံငါးဖမ်းဇရိယာအဖြစ် သတ်မှတ်ပေးရန်နှင့် ပူတာအိုဒေသ မြစ်ချောင်းအင်းအိုင်များ၌ ရေခဲတောင်ငါး(ခေါ်) ရှားပါးငါးမျိုးမသုဉ်းရအောင် မည်သည့် အစီအစဉ်ရှိသည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းသည့် "၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၇။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် " ရာဇဝတ်ကျင့်ထုံး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၈။ သတ္တုတွင်းဝန်ကြီးဌာနက ပေးပို့သော " မြန်မာ့ပုလဲလုပ်ငန်း နည်းဥပဒေများ ကို ပြင်ဆင်သည့် နည်းဥပဒေများ" နှင့်စပ်လျဉ်း၍ ပြင်ဆင်သည့် အဆိုကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၉။ ပြည်ထဲရေးဝန်ကြီးဌာနက ပေးပို့သော " အသင်း အဖွဲ့များ မှတ်ပုံတင်ခြင်း ဆိုင်ရာ နည်းဥပဒေများ" နှင့်စပ်လျဉ်း၍ ပြင်ဆင်သည့် အဆိုကိုလက်ခံ ရရှိကြောင်းနှင့် ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော " ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" ကို လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော “ပြည်ထောင်စု တရားစီရင်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း” ကို လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၁၂။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော “နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း” ကို လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၃။ အမျိုးသားလွှတ်တော်က သဘောမတူကြောင်းဖြင့် ပြန်လည် ပေးပို့သော “ ပြည်ထောင်စုရွှေ့နေချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း” နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးခြင်း၊ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၄။ အမျိုးသားလွှတ်တော်က သဘောမတူကြောင်းဖြင့် ပြန်လည် ပေးပို့သော “ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း” နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးခြင်း၊ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၅။ အမျိုးသားလွှတ်တော်က သဘောမတူကြောင်းဖြင့် ပြန်လည် ပေးပို့သော “နေပြည်တော်ကောင်စီ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း” နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးခြင်း၊ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော " ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၆ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၇၇ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။